ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
၂၀၀၄ ခုနှစ်၊ မေလ ၉ ရက်

# ရုံးအမိန့်စာအမှတ် (၄၀ / ၂၀၀၄)

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ၊ ဓါတ်သတ္တု၊ ပုလဲနှင့် ဆားလုပ်ငန်းများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၃)သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်းထုတ်လုပ်ရေး
နှင့်ကျောင်းဝယ်ရေးလုပ်ငန်း

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သတ္တုတွင်းဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
(ဓါတ်သတ္တုထိန်းသိမ်းရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး)
သတ္တုတွင်းဦးစီးဌာန

၂။ သတ္တုတွင်းဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကျောက်မျက်ရတနာနှင့် ဓါတ်သတ္တုတူးဖော်မှုများကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဆောင်ရွက်ရန်၊

(ခ) ပုလဲနှင့် ဆားထုတ်လုပ်မှုများကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ဆောင်ရွက်ရန်၊

(ဂ) ရေသယံဇာတ၊ မြေသယံဇာတများကို သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုပြင်ဖန်တီးမှုကြောင့်ဖြစ်စေ၊ ပြုပျက်တိုက်စားခြင်း မရှိစေရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်၊

(ဃ) ကျောက်မျက်ရတနာများနှင့် ဓါတ်သတ္တုများ ရှာဖွေတူးဖော်ခြင်းများကြောင့် မြစ်ချောင်းများ ရေစီးရေလာ ပြောင်းလဲပိတ်ဆို့ပြီး ဆည်မြောင်း တာတမံများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေး အတွက် ဆည်၊ ရေလှောင်တမံများအတွင်းသို့ ရေစီးဝင်မှု မှန်ကန် ကောင်းမွန်ရေးနှင့် သဲ၊ နုန်း ကျဆင်းမှု ကာကွယ်ရေး လုပ်ငန်းများကို ထိန်းသိမ်း ဆောင်ရွက်ရန်၊

(င) ကျောက်မျက်ရတနာနှင့် ဓါတ်သတ္တုတူးဖော်မှုများကြောင့် ရေထု၊ လေထု ညစ်ညမ်းမှုများ မဖြစ်စေရေး အတွက် ထိန်းသိမ်း ဆောင်ရွက်ရန်၊

(စ) သတ္တုတွင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် လမ်းညွှန်မှုပေးရန်၊

(ဆ) သတ္တုတွင်းလုပ်ငန်းများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ပြဋ္ဌာန်းထားသော စံနှုန်းများ (STANDARDS) နှင့် အညီ စံမီခန့်ခွဲ ကျင့်သုံး ဆောင်ရွက်နိုင်ရန် အတွက် ဆောင်ရွက်ရန်၊

(ဇ) သတ္တုတူးဖော်ခြင်း လုပ်ငန်းများ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈ) သတ္တုတွင်းဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အခြား ဆောင်ရွက်ရန် ရှိသည့် ကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု၊ အကြံပြုချက်များကို ဝန်ကြီးထံ တစ်လ တစ်ကြိမ် တင်ပြရန်၊

၃။ ကော်မတီသည် အထက်အပိုဒ် (၂) ပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ အမိန့် ညွှန်ကြားချက်များ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် အညီ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ ဆားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများကို ချိုးဖောက်သူများအား ထိရောက်စွာ အရေးယူရေး တို့ကို လုပ်ငန်း၊ ဦးစီးဌာနများ၊ သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် ညှိနှိုင်း ဆောင်ရွက်သွားရန် ဖြစ်သည်။

ဗိုလ်မှူးချုပ်အုန်းမြင့်
ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်။ ။ ၁၄ - အဖွဲ့ခွဲ (၂) ၂၀၀၄ (ပတ်ဝန်းကျင်)
ရက်စွဲ။ ။ ၂၀၀၄ ခုနှစ်၊ မေလ ( ၆ ) ရက်

<u>ဖြန့်ဝေခြင်း</u>

ဝန်ကြီးချုပ်ရုံး
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များအားလုံး
သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာန၊ လုပ်ငန်းများအားလုံး

အမိန့်အရ

၆/၅
ဒုတိယဗိုလ်မှူးကြီးအောင်ညွှန့်သိန်း
ရုံးအဖွဲ့မှူး
သတ္တုတွင်းဝန်ကြီးဌာန